# အသိပေးကြေညာချက် (၃/၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်

၁။ ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထားမှုအပေါ် ဌာနမှစစ်ဆေးချက်အရ ပြင်ဆင်ရန် လိုအပ်ချက်ရှိခြင်း၊ စာရွက်စာတမ်း ပြည့်စုံမှုမရှိခြင်းကြောင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ချက်များကို Message ပေးပို့သည့်နေ့မှ ၇ ရက်အတွင်း လုပ်ငန်းရှင်မှ ပြန်လည်တင်ပြခြင်းမရှိပါက စနစ်မှ အလိုအလျောက်ပယ်ဖျက် (Auto Cancel) ပြုလုပ်မည်ဖြစ်ကြောင်း ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၄/၂၀၂၂ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ ယခုအခါ ပို့ကုန်လုပ်ငန်းရှင်များ ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ပို့ကုန်လိုင်စင်/ပါမစ်လျှောက်ထားမှုနှင့်ပတ်သက်၍ ပြင်ဆင်ဖြည့်စွက်ရမည့်ကာလကို ယခင်သတ်မှတ်ထားသည့် ၇ ရက်အစား ၁၄ ရက်သို့ ပြင်ဆင်ဖြေလျှော့ပေးခြင်းကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ထို့ပြင် ပို့ကုန်၊ သွင်းကုန်လိုင်စင်/ပါမစ်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ လိုင်စင်ပါအချက်အလက်ပြည့်စုံမှုမရှိသဖြင့် Turn Down ပြုလုပ်ကြောင်းနှင့် ဌာနက လိုင်စင်ခွင့်ပြုပြီးကြောင်းတို့ကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်နိုင်ရေးအတွက် စနစ်မှ အသိပေးခြင်းအပြင် ကုမ္ပဏီများ၏ Main Member အီးမေးလ်များသို့လည်း အကြောင်းကြားပေးပို့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**